မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ မဟာရွှေစည်းကြီးစေတီတော် အရှေ့ဘက်မုခ်ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း

ကန့်ဘလူမြို့ မဟာရွှေစည်းကြီးစေတီတော် ကောဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်းကြီးစေတီတော် ဧကာဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မဟာရွှေစည်းကြီးစေတီတော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော် သံဃာတော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်)

ဆေးဖက်ဝင်သစ်ခွများတိုးချဲ့စိုက်ပျိုး ဝင်ငွေတိုး

သစ်ခွပန်းသည် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးဝင်သော ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည်။ ဆေးဖက်ဝင် သစ်ခွများထဲတွင် ဒင်ဒရိုဗီယမ်သစ်ခွမျိုး ၅၈ မျိုးရှိပြီး မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တောတောင်များ၌ သဘာဝအလျောက်ပေါက်ရောက်လေ့ရှိသည်။ ယင်းသစ်ခွမျိုးများသည် ပြည်ပသို့ တင်ပို့ရောင်းချပါက ပြည်ပငွေအမြောက်အမြားရရှိသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ပြင်ဦးလွင်မြို့ ဒိုးကွင်စိုက်ပျိုးရေးခြံတွင် ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဒင်ဒရိုဗီယမ်မျိုးနွယ်သစ်ခွများတွင် ဒေါင်းမြီးသစ်ခွ၊ စက္ကူပန်းသစ်ခွ၊ အာမဲလက်တံရှည်၊ ရွှေတူမောက်ခမ်းဝါသစ်ခွ၊ သစ်မျက်ခွင်သစ်ခွ၊ မြက်သစ်ခွ၊ ချိုချဉ်သစ်ခွ၊ မြဆစ်ကြိုးသစ်ခွ၊ မဟာဒေဝီသစ်ခွ၊ ဂနိုင်နံဘေးပေါက်နှင့် ဝါဆိုပန်းသစ်ခွတို့ပါဝင်သည်။ ဒေါင်းမြီးသစ်ခွသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့၌ ဖြစ်ထွန်းပေါက်ရောက်သည်။

ဒေါင်းမြီးသစ်ခွပင်စည်ရိုးမှ အားတိုးဆေးနှင့် အာရုံကြောဆေးများ ထုတ်လုပ်နိုင်ပြီး ရွှေတူမောက်ခမ်းဝါသစ်ခွမှ အားတိုးဆေးထုတ်လုပ်နိုင်သည်။ အာမဲလက်တံရှည်မှ သွေးကျဲဆေး၊ အားတိုးဆေးနှင့် စက္ကူပန်းသစ်ခွမှ အသည်းအားတိုးဆေး ထုတ်လုပ်နိုင်သည်။

ဆေးဖက်ဝင်သစ်ခွများသည် အများအားဖြင့် ဒင်ဒရိုဗီယမ်မျိုးများဖြစ်ကြသည်။ သဘာဝတောတောင်များမှ အပင်ကျန်စနစ်ဖြင့် ဆွတ်ယူခြင်းဖြင့်လည်းကောင်း၊ အပင်တစ်သျှူးပျိုးပင်နှင့် သားတက် ပျိုးပင်များကို ဝယ်ယူခြင်းဖြင့်လည်းကောင်း ပြုစုပျိုးထောင်စိုက်ပျိုးနိုင်သည်။

ဆေးဖက်ဝင်သစ်ခွများကို ရာသီဥတုနှင့် ကိုက်ညီသည့်ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့စိုက်ပျိုးပါက တောင်သူများအတွက် ဝင်ငွေတိုးလာမည်ဖြစ်သကဲ့သို့ ဆေးဖက်ဝင်သစ်ခွများကိုလည်း ဆက်လက်ထိန်းသိမ်းရာရောက်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တာဝန်ရှိသူတို့နှင့်အတူ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂပူမြို့နယ် ခြောက်ရွာ အထက(ခွဲ) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

အင်္ဂပူ ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ခြောက်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများက တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာဆရာမကြီးများနှင့် ဆရာ ဆရာမများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁၉ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ ဆရာမကြီးများအားလုံးနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးလှရှိန် ဖုန်း-၀၁-၅၃၉၂၃၄၊ ဦးသောင်းတင် ဖုန်း-၀၁-၇၂၇၄၂၀၊ ဦးကြန့်ဟင်း ဖုန်း-၀၉-၅၀၆၁၃၉၇၊ ဒေါ်စိုးမိုးသန်း ဖုန်း-၀၉-၄၉၃၂၇-၇၈၈၊ ဦးသန်းလွင် ဖုန်း-၀၉-၈၆၂၀၈၆၀၊ ခြောက်ရွာ ဦးဆန်းဦး ဖုန်း-၀၉-၈၆၀၂၇၈၅၊ ဦးကြည်ညွှန့် ဖုန်း-၀၉-၈၆၁၅၃၇၁၊ ဒေါ်စန္ဒာလင်း ဖုန်း-၀၉-၄၉၇၁၉၂၇၅၊ ဦးဗိုလ်ဗိုလ်ဇင် ဖုန်း-၀၉-၄၉၇၄၇၀၅၃ နှင့် ကိုကျော်လင်း (မှန်ကုန်း) ဖုန်း-၀၉-၄၉၇၄၆၄၈၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ရွှေပြည်သာမြို့နယ် အမှတ် (၃၃) မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဦးကျော်ဝင်း - ဒေါ်မြင့်ကြည် (သမီး) မခိုင်သဇင်ကျော် မိသားစုက ကျောင်းအတွက် ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားစက်နှင့် အီးဗွီဒီတစ်စုံတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါအောင် လက်ခံယူစဉ်။ (ပညာရေး)

ထွန်းရာဇာ စာကြည့်တိုက် ပန္နက်တင်ပွဲ မှော်ဘီမြို့နယ် ကုန်းကလေးကျေးရွာ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မှော်ဘီချောင်းဝကျေးရွာအုပ်စု ကုန်းကလေးကျေးရွာ ထွန်းရာဇာ စာကြည့်တိုက် ပန္နက်တင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်ပေး

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစန်းယု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဦးတို့က သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းပန်းခြံအတွင်း မြေယာရှင်းအလုဆောင်ရွက်ထားရှိမှုများကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ)ဦးလှသိန်းအောင် ဖေဖော်ဝါရီ ၁၅ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ဘီးလင်းမြို့၌ ဆင့်ပွားသင်တန်းဖွင့်

ဘီးလင်း ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ညွှန့်က အမှာစကားပြောကြားသည်။

တက်ရောက်

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးငွေဝင်းက စာရင်းကောက်ယူရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ ဘီးလင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ညွှန့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးငွေဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် မြို့နယ်မြေစာရင်းဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂုန်လျှော်၊ ချည်ပေါင်လျှော် စီမံကိန်း တိုက်ကြီးတွင် တာဝန်ပေးအပ်

တိုက်ကြီး ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ၂၀၁၁-၂၀၁၂ ခုနှစ် ဂုန်လျှော်၊ ချည်ပေါင်လျှော်စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ (ဂုန်လျှော်နှင့်လျှော်မျှင်များလုပ်ငန်းဌာန) တိုင်းဒေသကြီး မန်နေဂျာ ဦးထွန်းမြင့်၊ မြို့နယ်မန်နေဂျာ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ကျေးရွာ ၁၄ ရွာမှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က စီမံကိန်းတာဝန်ပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး မန်နေဂျာ ဦးထွန်းမြင့်က ဌာနမှ ဆောင်ရွက်မည့် ပံ့ပိုးမှုနှင့် မိုးကြိုစိုက်ပျိုးမည့် စိုက်စနစ်များကို ရှင်းလင်းမှာကြားသည်။ ထို့နောက် တိုက်ကြီးမြို့နယ်တွင် ဂုန်လျှော်၊ ချည်ပေါင်လျှော် မိုးကြိုဧက ၆၀၀ စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌက ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်များ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိစသည့် ဆရာတော်ကြီးများ အမှူးပြုတော်မူသော သံဃာတော်အရှင်သူမြတ် (၄၅)ပါး ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးလွင်၊ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ရဲအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ တိုင်းဒေသကြီး၊ ရွှေဘိုခရိုင်နှင့်မြို့နယ်များမှဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးနှင့်ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နံနက် ၅ နာရီတွင် မဟာရွှေစည်ကြီးစေတီတော်သို့ရောက်ရှိကြပြီး စေတီတော် အရှေ့ဘက်မုခ်ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်းနှင့်ပန်းတို့ကို ဆက်ကပ်လှူဒါန်းကာ ဖူးမြော် ကြည်ညိုကြသည်။

အနေကဇာတင်

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ သံဃာတော် အရှင်သူမြတ် (၄၅)ပါးတို့က မဟာရွှေစည်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် မဟာရွှေစည်ကြီးစေတီတော်သို့ ရောက်ရှိကြပြီး အေးမြစိုးဖောင်ဒေးရှင်းမှ မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဧရာဝတီဘဏ်မိသားစုက မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းသို့ လှူဒါန်းသော လူနာတင်ယာဉ်တစ်စီးကို ဧရာဝတီဘဏ်မိသားစုကိုယ်စား ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေးတို့က မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်အေးထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေးနှင့် မဟာရွှေစည်ကြီးစေတီတော်လူမှုကူညီရေးအသင်းဥက္ကဋ္ဌဦးတင်အေးတို့သည် လူနာတင်ယာဉ်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် လူနာတင်ယာဉ်အား ကြည့်ရှုလေ့လာကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများသည် ဆရာတော်သံဃာတော် (၄၅)ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဒေသထုံးတမ်းစဉ်လာနှင့်အညီ လောင်းလှူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဆွမ်းဆန်စိမ်းလောင်းလှူကြသည့် ဒေသခံပြည်သူများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားမှူး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးထင်လင်းက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ထို့နောက် နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ကြ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ငါးပါးသီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

လှူဖွယ်ပစ္စည်းများ လောင်းလှူ

အလှူရှင်များ၊ ဌာနဆိုင်ရာအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆရာတော် သံဃာတော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အား
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်းရှိ ဗန်းမော်ကျောင်းတိုက်သို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဗန်းမော်ကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ယွန်းဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအမှူးပြုသော ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ဆရာတော်ကြီးအား ဗန်းမော်ကျောင်းတိုက်နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မေးမြန်းလျှောက်ထားပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့ ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဒေသခံမြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဌာနဆိုင်ရာတာဝန်ခံများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနာ့နုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိက ရေစက်ချတရားတော်ကို ဟောကြားတော်မူပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသန်စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရောဝတီဘဏ်မိသားစုမှ မဟာရွှေစည်ကြီးစေတီတော်လူမှုကူညီရေးအသင်းသို့ လှူဒါန်းသော လူနာတင်ယာဉ်တစ်စီးကို ရောဝတီဘဏ်မိသားစုကိုယ်စား ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေးတို့က မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်အေးထံသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ** ဟောကြားတော်မူသော တရားတော်
၆:၃၀	မြတ်နိုဗ္ဗာန်သောင်ကမ်းသို့ရည်… ဖားအောက်တောရစခန်းမှသည်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၈)
၈:၃၅	ကျေးဇူးဂုဏ်ရှင်ဆရာသခင် (တောင်စွန်း အထက မြတ်ဆရာပူဇော်ပွဲ)
၈:၅၀	Activities in the City (အမျိုးသမီးများကို လှစေမှာ Iora) (Ptt Lubricants ၏ Dealer ဆိုင်ကြီးများအား ကျေးဇူးတင်ဂုဏ်ပြုပွဲအခမ်းအနား)
၉:၁၅	နှင်းရည်သန့်နှင့် စိမ်းလဲ့လဲ့တို့၏ တေးစီးရီးမိတ်ဆက်
၉:၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်း သိကောင်းစရာ)
၁၀:၁၀	ဂါရဝဖြင့်ဦးညွှတ်ချီ ဆရာများ၏ ကျေးဇူးဂုဏ်ရည် [အထက(၂)သာကေတ မြတ်ဆရာပူဇော်ပွဲ]
၁၀:၁၅	စာအုပ်စာပေလှူမိတ်ဆွေ **စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်နှင့် တွေ့ဆုံဆွေးနွေးခန်း**
၁၀:၂၅	The Champion Of Dance
၁၁:၁၅	စာအုပ်ပြခန်း (teen magazine)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀	Activities in the City "ပ"သုံးလုံးဝိပဿနာအဖွဲ့ချုပ်၏ ရဟန်းတော်များ (ဆရာဖြစ်) သင်တန်းဆင်းပွဲ
၁၂:၂၀	Celebrity Choice (Too Big)
၁၂:၅၀	ရွှေကျင်မြေတွင် တည်ထားပူဇော်ဆံတော်ရှင်အရှေ့ မဟာဗုဒ္ဓဘုရားကြီး(ခေါ်) မွေတော်မွန်ဓရာဇ်စေတီတော်
၁:၀၀	**ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ** ဟောကြားတော်မူသော တရားတော်
၁:၄၅	သက်ဝင်လှုပ်ရှား ရသရုပ်လုံး ရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
၂:၀၀	MRTV-4 သတင်း
၂:၂၀	FMF Selection
၂:၅၀	မုဒိတာတန်ဖိုးနည်း ကွန်ဒိုအိမ်ရာစီမံကိန်းစာနယ်ဇင်းရှင်းလင်းပွဲ
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၁)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၈)
၄:၄၀	အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၏ စက်အရန်ပစ္စည်းများပြပွဲ
၅:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၅	ဗီဒီယိုပြခန်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	Sunday Talk [ခင်မောင်ညို (ဘောဂ)၊ မျိုးမြတ်သူ]
၆:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၂)
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Traders Hotel ၏ 14th Annual Staff Party)
၈:၀၀	MRTV-4 သတင်း
၈:၃၀	**စကားနပန်း** (ပူတာကောင်းတယ်၊ အေးတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၉)
၁၀:၁၀	အနုပညာမိုးကောင်းကင်
၁၀:၃၀	(၁၉၈၀-၈၅)ဆေး (၁) ရန်ကုန်၏ ငွေရတုပူဇော်ကန်တော့ပွဲ
၁၀:၄၅	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
၁၁:၀၀	ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာ အေးကျော် (ဇီဝကမ္မဗေဒ)]
၁၁:၃၀	ဈေးဝယ်လမ်းညွှန် (ဝါရွှေစင်ပိုးထည်)
၁၁:၅၀	အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေနို့မှုန့်မှာ
၁၂:၁၀	အမျိုးသမီးများအတွက် Queen's Rose Center
၁၂:၂၅	**ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း ချစ်စနိုးဦး၊ သန်းသန်းစိုး ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)
၁၂:၃၅	ဗဟုသုတများစုဆောင်းရာ Knowledge Bank
၁၂:၅၅	Celebrity Profile (Justin Timberlake)
၁:၃၀	Box Office Movies (300)
၂:၀၀	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၂:၂၀	အထင်
၂:၄၀	ဒို့တိုင်းဌာနီ ဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	Hair Style For All (အမျိုးသား၊ အမျိုးသမီး)
၄:၂၀	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၄:၃၀	ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေးသည်
၄:၄၅	မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

F.A Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	West Ham- Burnley	STAR SPORTS(Live)

21-2 (04).pmd 1 2/21/2011, 3:17 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မဟာရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ ကျင်းပသော ကန့်ဘလူမြို့ရှိ (၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း

စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးတို့သည် ကန့်ဘလူမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ပြည်သူ့ဆေးရုံကြီးသို့ အေးမြစိုးဖောင်ဒေးရှင်းမှ လှူဒါန်းသော လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အေးမြစိုးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် အလုပ်အမှုဆောင် အရိုး၊ အကြော အထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းတို့က ဆေးရုံကြီးအတွက် လူနာတင်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ရွှန်းက လက်ခံသည်။

ယင်းနောက် အေးမြစိုးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လူနာတင်ယာဉ်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် လူနာတင်ယာဉ်အား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် လူနာဆောင်များ၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုစစ်ဆေးပြီး အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ခန်းအတွင်း ပါမောက္ခများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများက အဖွဲ့အလိုက်မျက်စိခွဲစိတ်ကုသပေးနေမှု အခြေအနေများကိုကြည့်ရှုအားပေးကြသည်။

အောင်မြင်စွာဆောင်ရွက်

ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့ အမှတ် (၂)တပ်မတော်ဆေးရုံ ခုတင် (၅၀၀)မှ မျက်စိအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ရှုပါအောင်ခေါင်းဆောင်သော အထူးကုဆရာဝန်များအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်၊ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဦးသန်းအောင်၊ ပါမောက္ခဦးမြအောင်တို့ခေါင်းဆောင်သော အထူးကုဆရာဝန်များ ပါဝင်သည့်အဖွဲ့၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ မျက်စိအထူးကုအဖွဲ့နှစ်ဖွဲ့သည် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၏ ပူးပေါင်းအထောက်အကူပြုမှုဖြင့် ဖေဖော်ဝါရီ ၁၁ရက်မှ ၁၈ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးခဲ့ရာ လာရောက်ပြသသည့် ရွှေဘိုခရိုင်၊ ကသာခရိုင်၊ မုံရွာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ဗန်းမော်ခရိုင်နှင့် မြစ်ကြီးနားခရိုင်တို့မှ မျက်စိဝေဒနာရှင်ပေါင်း ၄၄၅၇ဦး၊ အကြီးစားခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်ပေါင်း ၄၂၉ဦး၊ အသေးစားခွဲစိတ်ကုသပြီးမျက်စိဝေဒနာရှင်ပေါင်း ၂၃၈ဦး၊ မျက်မှန်တပ်ဆင်ပြီး ဝေဒနာရှင်ပေါင်း ၂၅၂၁ဦးတို့အား ခွဲစိတ်ကုသမှုများကို အောင်မြင်စွာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီးသာသနာ့ဗိမာန်တော်၌ ကျင်းပသော ကန့်ဘလူမြို့ရှိ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား အေးမြစိုးဖောင်ဒေးရှင်း ပညာသင်ဆုရ ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနေကြသော ကန့်ဘလူမြို့နယ်မှ ကျောင်းသားကျောင်းသူများက ဂါရဝပြုကန်တော့ကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် သက်ကြီးဘိုးဘွားများအား ကန်တော့လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဂါရဝပြုကန်တော့

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား အေးမြစိုးဖောင်ဒေးရှင်း ပညာသင်ဆုရ ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ကြားနေကြသော ကန့်ဘလူမြို့နယ်မှ ကျောင်းသားကျောင်းသူများက ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် အေးမြစိုးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက ပညာသင်ဆုပေးရခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒစကား ပြောကြားသည်။

ယင်းနောက် မန္တလေးဆေးတက္ကသိုလ် ပထမနှစ်သင်တန်း တက်ရောက်နေသော ကန့်ဘလူမြို့ အမှတ်(၄)ရပ်ကွက်မှ မောင်ဟိန်းထက်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက်သို့သွားရောက်ကြပြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစာရအား ဖူးမြော်ကြည်ညိုကြကာ စာသင်တိုက်၏ လိုအပ်ချက်များကို မေးမြန်းလျှောက်ထား၍ စာသင်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။ **(သတင်းစဉ်)**

အေးမြစိုး ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် အလုပ်အမှုဆောင် အရိုး၊ အကြော အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းတို့က ကန့်ဘလူမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံကြီး အတွက် လူနာတင်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ရွှန်းက လက်ခံစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ စိုက်ပျိုးသုတ
- ၄:၂၅ ၇။ ရန်သူမီး
- ၄:၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၉။ လျှပ်တစ်ပြက်
- ၅:၀၀ ၁၀။ ဗွီစီဒီကျော်ကြားတေး
- ၅:၂၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၁၇)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း - ၁၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း -၉)
- ၂၆။ **Miniseries**

21-2 (05).pmd 1 2/21/2011, 3:17 AM

ဧရာဝတီတံတား(ညောင်တုန်း) စက္ကော့ဘူတာရုံ တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး လုပ်ငန်းတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညောင်တုန်းမြို့နယ် စက္ကော့ဘူတာရုံတည်ဆောက်ရေးလုပ်ငန်းသို့ ကြည့်ရှုစစ်ဆေးပြီး ဓနုဖြူမြို့နယ် တမြာကျေးရွာ၌ ဒေသခံတောင်သူများအားရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ဓနုဖြူမြို့နယ်မြေခံတပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘောဒိုင် သတ်မှတ်ရွေးချယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ စင်ကာပူနိုင်ငံတွင် FIBA ASIA က ဦးဆောင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘော ဒိုင်လူကြီး စာမေးပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ ဒိုင်လူကြီး ဦးမောင်လင်း ဝင်ရောက်ရာတွင် FIBA REFEREE ဒိုင်လူကြီးအဖြစ် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘော ဒိုင်အဖြစ် သတ်မှတ် ရွေးချယ်ခံခဲ့ရကြောင်း သိရှိရသည်။

(မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်ဇေယျဈေး မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်ထွန်း၊ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဦးတို့ ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ယာဉ်ယန္တရား၊ စက်ပြင်၊ အလုပ်ရုံအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ဖေဖော်ဝါရီ ၁၂ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို လက်ထောက် မန်နေဂျာ ဦးဇင်အေးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) ဈေးကြီး မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်၊ ဈေးများရုံးတာဝန်ခံ ဒေါ်ချိုချိုဝင်းနှင့် မီးသတ်ဦးစီးမှူး ဦးထိန်လင်းတို့ ပါဝင်ဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

ကြည့်မြင်တိုင်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ရေယာဉ်နှင့် ပို့ဆောင်ရေးဌာနစိတ်နှင့် ပင်မစက်ပြင်အလုပ်ရုံ (သစ်စက်)နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၃ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇလွန်မြို့နယ် မြို့မဈေးအတွင်း မီးဘေးကာကွယ်ရေးအတွက် ကွန်ကရစ်ရေစင် တည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းနှင့် ဈေးသန့်ရှင်းရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နွေစပါးစိုက်ပျိုးပွဲ ပြည်မြို့၌ ကျင်းပ

ပြည် ဖေဖော်ဝါရီ ၂၀

ပြည်မြို့နယ်တွင် နွေစပါးစိုက်ပျိုးပွဲ အခမ်းအနားကိုဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ဇီးအုပ်ကျေးရွာအုပ်စု ရှေ့တန်းစိုက်ပျိုးရေးစခန်း၌ ကျင်းပသည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

အားသစ်စာကြည့်တိုက် အဆောက်အအုံသစ် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာ၌ဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၂၀

စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာ အားသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေ၊ ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြသန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး (စီမံ)ဦးမြင့်ဆွေနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးငွေစန်းတို့က အမှာစကားပြောကြားပြီးနောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဒုတိယ ညွှန်ကြားရေးမှူး (စီမံ)ဦးမြင့်ဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၇)၊ အမှတ် (၈)၌ မြန်မာသဘော်သားများကို ဆိုမာလီ ဓားပြလက်မှ ကယ်တင်ပုံ ရုပ်ရှင်ရိုက်မည်၊ အစိုးရေက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်၊ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးထိုးနိုင်ပြီ၊ ငါးသိန်းဖုန်း ခေါ်ဆိုခ ဂျီအက်စ်အမ်အတိုင်း ကောက်တော့မည်၊ ရွှေနှင့် ဒေါ်လာဈေး ပြန်မြင့်လာ၊ သင်္ကြန်မှာ အမေရိကန် သွားမလား၊ မြို့ပတ်ရထား လှည်းတန်းတွင် ဘီးချော်၊ ခရီးသွား မယ်ရွေးပွဲ ကျင်းပမည်၊ လယ်ယာသုံးနှင့် အိမ်တွင်းစက်မှု လုပ်ငန်းများကိုလည်း စက်သုံးဆီ ရောင်းပေးရတော့မည်၊ အစားအသောက်များတွင် စက်မှုသုံးဆိုးဆေးများ သုံးစွဲလာ၊ တက္ကသိုလ်ဝင် စာမေးပွဲဝင်ခွင့် ကတ်ပြားများ ထုတ်ယူနိုင်ပြီ၊ မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေရဲ့ RC လှုပ်ရှားမှုက မြစ်ချောင်း၊ အင်းအိုင်ထဲအထိ ဖြစ်သွားနိုင်ပါတယ် Japan Chemical Industries Association မှ RC Expert Mr. FUKUMA နှင့် တွေ့ဆုံခြင်း၊ ပြိုင်ဘက်မရှိတဲ့ဘဝမှာ ရှင်သန်နေရတာကို ကျေနပ်နေရင်တော့ သေချာတယ် ကျန်နေခဲ့မှာပဲ၊ အောင်မြင်မှုဟူသည်၊ တာဝန်ဝတ္တရားကို အလေးထားပါ စသည့်ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ဖြန့်ချိ

အနာဂတ်အခွင့်အလမ်းကို ကာကွယ်ပါ စီးပွားရေးပညာရှင် ပေါလ်ကော်လီယာနှင့် တွေ့ဆုံခြင်း နိုင်ငံတကာသတင်းဆောင်းပါးနှင့်အတူ မီရှဲလ်အိုဘားမားကို ကာတွန်းဆရာကလောင်၊ အမေရိကန်သံရုံးအရာရှိက ပါကစ္စတန်နိုင်ငံသားအား သေနတ်ဖြင့် ပစ်သတ်၊ တရုတ်တွင် ကွာရှင်းပြတ်စဲမှုနှုန်း မြင့်တက်၊ လင်ပါသားသမီးတွေကို နှိပ်စက်သည့်မိထွေး ထောင် ၁၀နှစ်ကျခံရ၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၏ အတ္ထုပ္ပတ္တိအား ရုပ်ရှင်ရိုက်မည်၊ အိပ်ပျော်နေစဉ် ယောင်၍ လမ်းထလျှောက်ခြင်း၏ လျှို့ဝှက်ချက်၊ ကမ္ဘာ့အမြင့်ဆုံးကား တည်ဆောက်မှုစတင်၊ အိုင်းရစ်မင်းသား လက်ထပ်တော့မည် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းများအား တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွင့်သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ ရက်က သဲဖြူကျေးရွာ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကတ္တရာလမ်းသစ်ဖွင့်ပွဲ မြိတ်မြို့၌ကျင်းပ

မြိတ် ဖေဖော်ဝါရီ ၂၀

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော အလယ်ကျွန်းရပ်ကွက် မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မြိတ်မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ အလယ်ကျွန်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းသည် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၆ပေ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပေးအပ်လှူဒါန်း

သဃ်န်းကျွန်း မြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် အမှတ် ၂၀၃ နေ ဗိုလ်မှူးချုပ် ကြာညို ချစ်ဖေ(ငြိမ်း) သံအမတ်ကြီး (အငြိမ်းစား) အား ရည်စူး၍ ဇနီး ဒေါ်နွယ်နွယ်ထွန်းနှင့် သားသမီးများက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း (မေတ္တာရိပ်မွန်) ကင်ဆာ ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ငွေကျပ် နှစ်သိန်း တန်ဖိုးရှိ ကင်ဆာ ဝေဒနာရှင်များအတွက် PROSURE နို့မှုန့်များ ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲနှင့် အနောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲက မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲကို လှိုင်မြို့နယ် လှိုင် မင်္ဂလာခန်းမ၌ ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၁ နာရီက ကျင်းပသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူဇော်၊ အနောက်ပိုင်းခရိုင် ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မိုးမြင့်နှင့်အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မိုးမြင့်က လှိုင်မြို့နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်ထံသို့ ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

စာပေဟောပြောပွဲ ပဲခူး၌ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၀

ပဲခူးမြို့ မြို့တွင်းကြီး အနောက် (ခ) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၃ ရက်က စာပေဟောပြောပွဲကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးလှရွှေက အမှာစကား ပြောကြားပြီး စာရေးဆရာ ညွှန့်ဟံ (ကြူတော)၊ စိန်လှိုင်ဗိုလ်တို့က ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒေါက်တာမောင်မောင်မြင့်၊ ဒေါ်ခင်ဝင်းရည် (ဝတ်ရည်ခင်-ပဲခူး) တို့က ကျောင်းသား ကျောင်းသူများအတွက် သုတ ရသ၊ စာအုပ်၊ ဂျာနယ် ၄၀၀၊ ဆေးဝါးမျိုးစုံနှင့် မတ်တတ်ပန်ကာ တစ်လုံးတို့အား လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်စီက ဂုဏ်ပြုလက်မှတ် ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ် သိန်းနီမြို့နယ် ပန်စုံကျေးရွာ၌ ဖွင့်လှစ်

သိန်းနီ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ပိန်းဆာကျေးရွာအုပ်စု ပန်စုံကျေးရွာတွင် ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် သိန်းနီမြို့နယ် ဥက္ကဋ္ဌ ဦးသန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင် ဦးစီးအရာရှိ ဒေါ်ခင်စောလင်း၊ ပန်စုံကျေးရွာ ဥက္ကဋ္ဌ ဦးမောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲ ဆက်လက်ကျင်းပရာ ပညာ့အလင်း စာကြည့်တိုက်အတွက် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းအောင်က ငွေကျပ် ၅၀၀၀၀၊ မြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးသန့်က ငွေကျပ် ၃၀၀၀၀၊ မြို့နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးအောင်ဘိုစံက ငွေကျပ် ၂၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန အမှုဆောင်အရာရှိ ဦးခင်စောက ငွေကျပ် ၁၀၀၀၀၊ စည်ပင်သာယာရေးဦးစီးဌာန ဦးဆန်းထွန်း-ဒေါ်စုစုမာ မိသားစုက ငွေကျပ် ၁၀၀၀၀၊ သစ်တောဦးစီးဌာနမှ ငွေကျပ် ၁၀၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တောင်တန်းသာသနာပြုအဖွဲ့၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာ စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌက လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၆ပေရှိပြီး သွပ်မိုး၊ အုတ်ပတ်ကား၊ အင်္ဂတေခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ် အထက (၁) (ယခင်ဟိုက်စကူးကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ပုသိမ် ဖေဖော်ဝါရီ ၂၀

ပုသိမ်မြို့ အထက (၁) (ယခင် ဟိုက်စကူးကျောင်း) တွင် ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာတွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲအတွက် အလှူငွေများ ကြိုတင်ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း) ဖုန်း-၀၉-၅၃၅၀၇၇၉၊ သမားတော်ကြီး ဒေါက်တာမြင့်မြင့်ကြည် ဖုန်း-၀၁-၃၈၁၂၂၄၊ ၀၁-၇၃၀-၄၉၁၁၇၊ ဦးတင်ဝင်း သ/မ ဦးစီး(ငြိမ်း) ဖုန်း-၀၄၂-၂၅၄၇၄၊ ဒေါက်တာအောင်စိန်-ဒေါ်မိုးမိုးအေး ဖုန်း-၀၄၂-၂၂၃၀၁၊ ဦးစိန်တင် ဖုန်း-၀၄၂-၂၄၇၇၄၊ ဒုတိယဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)-ဒေါ်သန်းသန်းဝင်း ဖုန်း-၀၁- ၅၀၇၄၆၈၊ ၀၉-၅၂၁၅၀၆၇၊ ဗိုလ်ကြီးစောလင်း(ငြိမ်း) ဖုန်း-၀၉-၈၀-၃၃၀၇၈၊ ဒေါ်စန်းစန်းငွေ (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၁-၅၁၀၆၈၉၊ ဦးမြသန်း-ဒေါ်မြင့်မြင့်ခိုင် ဖုန်း-၀၁-၆၄၅၂၀၈၊ ၀၉-၅၀၈၀ ၅၂၈၊ ဦးအုံးကျော် ဖုန်း၀၉-၅၁၃၁၂၂၁နှင့် ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၀၁-၅၄၁၂၈၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျေးလက် ကနိုင်းဒါ-ရွှေသာလျောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က အင်ဂျင်နီယာမှူး ဦးထင်လင်းကျော် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးမှန်သမျှ သုံးတတ်က
မှုချမီးဘေး စဉ်ကင်းဝေး

ပုလဲမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်ဖြင့် အလွယ်တကူသွားလာနိုင်ပြီ

➢ သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)
➢ ဓာတ်ပုံ-လှမိုး(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကျေးလက်ဒေသ၏ တိတ်ဆိတ်ငြိမ်သက်မှုတို့ကို ဒိုဇာစက်ယာဉ်ယန္တရားကြီး၏ စက်သံက မိုးခြိမ်းသံအလား ဖုံးလွှမ်းသွားသည်။

နိမိတ်ကောင်း

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေ ဒေသခံ ပြည်သူများအတွက်မူ ဒိုဇာစက်ယာဉ်ယန္တရားကြီး၏ မိုးခြိမ်းသံသည် သူတို့၏ လူမှုစီးပွားဘဝကို ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးမည့် ရှေ့တော်ပြေး နိမိတ်ကောင်းပေတည်း။

အဘယ်ကြောင့်ဟူမူ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လမ်းပန်းဆက်သွယ်ရေးသည် ယခင်ခေတ်အဆက်ဆက်ကတည်းက အမြင်နီးသော်လည်း အလှမ်းဝေး၏။ ပုံတောင်၏ တောင်ရိုးတောင်စွယ်များအပိုင်းတွင် ပါဝင်သောတောင်ပေါ်ကျေးရွာများဆိုလျှင် အချို့နေရာများ၌ လမ်းပင်မပေါက်။ ဆင်ဖြင့်တစ်ဖုံ၊ ခြေကျင်ဖြင့်တစ်သွယ်သာ ခရီးပေါက်၏။

ကွန်ရက်သဖွယ်ဖောက်လုပ်

သို့ကလိုကြောင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခု ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း သစ်ကြီးတိုင်း-ဆယ်ပြင်-သက္ကာယ်ကျင်းလမ်း၊ အေးချမ်းသာ-သစ်ကြီးတိုင်းရွာလမ်း၊ သစ်ကြီးတိုင်း-ကျော်တောလမ်း၊ ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာလမ်း၊

“ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းရဲ့ ပံ့ပိုးကူညီစီစဉ်ပေးမှုနဲ့ ကျေးရွာချင်းဆက်လမ်းများကို ဆက်လက်ဆောင်ရွက်နေပါတယ်”

ဦးအောင်ကျော်စိုး
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

“ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်း ပြီးစီးသွားလို့ တစ်ရွာလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်။ ကူညီဆောင်ရွက်ပေးကြသူတွေကို ကျေးဇူးတင်လွန်းလို့ နေ့တိုင်း မေတ္တာပို့သပါတယ်”

ဦးကျော်သန်း အသက်(၆၄)နှစ်
ကြက်ရင်းကျေးရွာ။

ဖောက်လုပ်ဆဲ ကြက်ရင်း- ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်းပိုင်း၏ ပြီးစီးမှု အပိုင်းကို တွေ့ရစဉ်။

နှောကန်-စပါးစေ့-ကိုင်းတွင်းရွာလမ်း၊ အင်ကြင်းစု-လက်ပုကန်ရွာလမ်း၊ မွေ့တုံ-ညောင်ကုန်းရွာလမ်း၊ ပုလဲ-ပခုက္ကူ-အေးကုန်းရွာလမ်း၊ မြောက်ပိတောက်ကုန်း-ပေါက်သဖ-စည်ပင်လမ်းအပါအဝင် စုစုပေါင်း ကျေးရွာချင်းဆက်လမ်းပေါင်း ကိုးလမ်း ခရီးမိုင်အားဖြင့် ၂၉ မိုင်ကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။

ကနဦးစီစဉ်

မူလက အဆိုပါကျေးရွာချင်းဆက်လမ်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာတွင် လူအားသက်သက်ဖြင့်သာ ဆောင်ရွက်ကြရန် ကနဦးစီစဉ်ခဲ့ကြ၏။

သို့သော် နိုင်ငံ့တာဝန်များနှင့် ဝန်ကြီးဌာန၏ မြားမြောင်လှသော လုပ်ငန်းတာဝန်များကြားမှ ပုလဲမြို့၏ ဒေသဖွံ့ဖြိုးရေးကို အစဉ်တွေးဆ မြော်မြင်ကြံဆဆောင်ရွက်ပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး အဘဦးကျော်ဆန်း၏ ပံ့ပိုးကူညီစီစဉ်ဆောင်ရွက်ပေးမှု၊ ရွှေတောင်ကုမ္ပဏီက ဒိုဇာစက်ယာဉ်ယန္တရားကြီးများဖြင့် အခမဲ့ဆောင်ရွက်ပေးမှုတို့ကြောင့် ကျေးရွာချင်းဆက်လမ်းများကို အချိန်တိုကာလအတွင်း လျင်မြန်ချောမွေ့စွာ ဖောက်လုပ်ဆောင်ရွက်နိုင်ခဲ့ပေသည်။

ယခုအခါ ကျေးရွာချင်းဆက်လမ်းပိုင်း ကိုးလမ်းအနက် အေးချမ်းသာ-သစ်ကြီးတိုင်းလမ်း (၄/၃)မိုင်၊ သစ်ကြီးတိုင်း-ဆယ်ပြင်-သက္ကာယ်ကျင်းလမ်း(၂/၄)မိုင်အပြင် သစ်ကြီးတိုင်း-ကျော်တောလမ်း(၂/၀)မိုင်ကိုပါ



အေးချမ်းသာ-သစ်ကြီးတိုင်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

အပိုဖောက်လုပ်ပြီးစီးနိုင်ခဲ့ပြီး ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာလမ်း(၆/၀)မိုင်ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်သည်။

ကူးလူးယှက်နွယ်သွားလာမယ်

အဆိုပါအေးချမ်းသာ-သစ်ကြီးတိုင်းလမ်း၊ သစ်ကြီးတိုင်း-ဆယ်ပြင်-သက္ကာယ်ကျင်းလမ်းနှင့် သစ်ကြီးတိုင်း-ကျော်တောကျေးရွာချင်းဆက်လမ်းများ လတ်တလောဖောက်လုပ်ပြီးစီးခဲ့မှုကြောင့် ပုလဲမြို့နယ်၏ တောင်ပေါ်ဒေသမြောက်ဘက်ခြမ်းအပိုင်းကျေးရွာများရှိ ဒေသခံပြည်သူများသည် မြောက်ယမားဆည်လမ်းဖြစ်သော ဖလံပင်မှတစ်ဆင့် ယင်းလမ်းများအတွင်းရှိ ဝက်ကျတိုက်နယ်ဆေးရုံ၊ ဝက်ကျအခြေခံပညာအထက်တန်းကျောင်းသို့ လွယ်လင့်တကူ သွားလာနိုင်ကြပြီး ဝက်ကျကျေးရွာ-လဲကန်ကျေးရွာမှတစ်ဆင့် ပုလဲ-ဂန့်ဂေါလမ်းပေါ်သို့လည်းကောင်း၊ ဖလံပင်-ဆည်ဘောင်လမ်းရှိ ကျေးရွာများသို့လည်းကောင်း အပြန်အလှန် လွယ်လင့်တကူ ကူးလူးယှက်နွယ် သွားရောက်နိုင်ကြပြီဖြစ်ပေသည်။

ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်

ယခင်က ခြေကျင်ခရီးသက်သက်ဖြင့်သာ ကူးလူးယှက်နွယ် သွားလာနေကြရသော ဒေသခံပြည်သူများသည် ယခုမူ နတ်ရေကန်အတွင်း ပစ်ချ

“လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာလို့ သွားရေးလာရေးလွယ်ကူပြီး ရွာလည်းအတော်ကို ပြောင်းလဲ လာပြီဖြစ်ပါတယ်။ အခုလို လမ်းဖောက်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်”

အဘွား ဒေါ်ဂျမ်းတင်
ခေါင်းပွာကျေးရွာ။

“ကျွန်မတို့ တောင်ပေါ်က ရွာတွေမှာ အရင်က သွားရေးလာရေး ခက်ခဲပါတယ်။ အခုတော့ ကျေးရွာချင်းဆက်လမ်းတွေ ဖောက်လုပ်ပေးတဲ့အတွက် အစစအရာရာ အဆင်ပြေကုန်ကြပါပြီ”

ဒေါ်ညို
ခေါင်းပွာကျေးရွာ။

လိုက်သို့နှယ် နေ့ချင်းညချင်း စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်ဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနေကြသည်ကို မြင်တွေ့ရခိုက်ဝယ် အဟောဝတကောင်းလေစွဟု မုဒိတာပွားမိရပေသည်။

အိပ်မက်လေလား ထင်မှ…

ထို့အတူ သံတောင်-ဇီတွှောင့်-မယင်း-… သာ-သဲပြင်ကျယ်၊ စစ်ရင်-တောင်ရင်း-ဆယ်… ခင်သာ၊ ဝက်ကျ-လယ်ပုလင်-ခရု-ဝမ်းဘဲဥ-ဂျပ်… သစ်ကြီးတိုင်း၊ ကြက်ရင်း-ခေါင်းပွာ-ပေါက်… ပေပင်-ရေကြော-လက်ပံနှင့် မြိုင်မြို့နယ်ရှိ ဂေ…

“ကျေးရွာချင်းဆက်လမ်းပေါင်း ကိုး… မေတ္တာနဲ့ ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်…”

ဦးဇော်မင်း…

၂၃၉၇၁ ဦးတို့သည် မိမိတို့၏ လမ်းပန်းဆက်သွ… ရေး၊ လူမှုစီးပွားရေးအပါအဝင် ကဏ္ဍအလိုက် … အိပ်မက်လေလားဟု ယခုတိုင် ထင်မှတ်မှား… ဆိတ်ကြည့်မှ တကယ့်ကိုယ်တွေ့ကြုံနေကြ၍… ဝမ်းမြောက်ကျေးဇူးတင်နေကြသည်ကို ဇဝ်မေး… သိခဲ့ရ၏။

မေတ္တာပို့သ…

တောင်ပေါ်ကျေးရွာများဖြစ်သည့် ကြက်ရင်… အရွယ်ရှိ ဦးကျော်သန်းက “ကြက်ရင်း-ခေါ… ချင်းဆက်လမ်း ပြီးစီးသွားလို့ အဘတို့တစ်ရွ… ဖြစ်နေကြရပါတယ်။ အရင်ကဆို အဘတို့ရွာတွေ… မိုးတွင်းဆို ဆန်တစ်အိတ်ကို လူငှားလေးယောက… အခုဒီလိုဆိုင်ကယ်တွေ၊ ကားတွေနဲ့သွားလို့ရတဲ့… ထည့်မမက်ခဲ့မိဘူး။ ဒါကြောင့် အဘတို့ရွာတွေ… ကျေးရွာတွေပါ အရမ်းဝမ်းသာနေကြတယ်။ … ဦးကျော်ဆန်းအပါအဝင် ဌာနဆိုင်ရာများ၊ ရွှေ… အပေါင်းကို ကျေးဇူးတင်လွန်းလို့ နေ့တိုင်း … ရင်တွင်းခံစားချက်ကို ပြောပြသည်။

ကျေးဇူးအထူးတင်…

ခေါင်းပွာကျေးရွာမှ အဘွား ဒေါ်ဂျမ်းတ… အခုလမ်းပန်းဆက်သွယ်ရေးကောင်းလာလို့ သ… ရွာလည်းအတော်ကို ပြောင်းလဲလာပါပြီ။ ကျန်… အထိ အချိန်တိုအတွင်း အလွယ်တကူသွားလာ… ဖောက်ပေးတဲ့အတွက် အားလုံးကိုကျေးဇူးအထ… သည်။

အိပ်မက်လေလား ထင်မှတ်မှား

ထို့အတူ သံတောင်-ဇီတ္တောင့်-မယင်း-ဘန့်ဘွေး-ခင်သာ-အေးချမ်းသာ-သဲပြင်ကျယ်၊ စစ်ရင်-တောင်ရင်း-ဆယ်ကြီး-ဘန့်ဘွေး-မယင်း-ခင်သာ၊ ဝက်ကျ-လယ်ပုလင်-ခရ-ဝမ်းဘဲဥ-ဂျပ်-အင်တိုင်းသာ-ကျော်တော-သစ်ကြီးတိုင်း၊ ကြက်ရင်း-ခေါင်းပွာ-ပေါက်ပင်ချောက်-ငန်းချောင်း-ပေပင်-ရေကြော-လက်ပံနှင့် မြိုင်မြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ

“ကျေးရွာချင်းဆက်လမ်းပေါင်း ကိုးလမ်း ပြီးစီးသွားတဲ့အထိ မေတ္တာနဲ့ ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”

ဦးဇော်မင်းဦး(စီမံကိန်းဒါရိုက်တာ)

ရွှေတောင်ကုမ္ပဏီ။

၂၃၉၇၁ ဦးတို့သည် မိမိတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးအပါအဝင် ကဏ္ဍအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုကို အိပ်မက်လေလားဟု ယခုတိုင် ထင်မှတ်မှားနေကြဆဲ။ လက်သည်းဖြင့် ဆိတ်ကြည့်မှ တကယ့်ကိုယ်တွေ့ကြုံနေကြ၍ ပြောမပြတတ်အောင်ပင် ဝမ်းမြောက်ကျေးဇူးတင်နေကြသည်ကို ဇဝ်မေသုတံ ဤသို့တွေ့မြင်ကြားသိခဲ့ရ၏။

အဆိုပါရွာမှ ဒေါ်ညိုက “ကျွန်မတို့တောင်ပေါ်ရွာတွေမှာ အရင်က သွားလာရေးခက်ခဲပါတယ်။ ခြေကျင်လျှောက်ရင်လျှောက်၊ မလျှောက်ချင်ရင် လှည်းစီးသွားရပါတယ်။ နေထိုင်မကောင်းရင်လည်း ဆေးရုံသွားဖို့ ခက်ခဲတယ်။ အခုတော့ ကျေးရွာချင်းဆက်လမ်းတွေ ဖောက်လုပ်ပေးတဲ့အတွက် အစစအရာရာ အဆင်ပြေကုန်ကြပါပြီ”ဟု ပြောပြသည်။

စက်ဘီး၊ ဆိုင်ကယ်နဲ့ကျောင်းတက်မယ်

အလားတူ အဆိုပါရွာမှ သမီးပျိုလေးများကလည်း “သမီးတို့အရင်ကျောင်းတက်စဉ်က သွားရေးလာရေးခက်ခဲပါတယ်။ ခြေကျင်သွားကြရတာဆိုတော့ ကျောင်းကို အချိန်စောပြီး သွားရတယ်။ မိုးတွင်းဆိုသွားရပိုခက်တယ်။ အခုသမီးတို့ အားလုံးဘွဲ့ရပြီးကြပါပြီ။ သမီးတို့ ကျောင်းတက်စဉ်က သွားရလာရတာ ခက်ခဲခဲ့ပေမယ့် အခုသမီးတို့ကျေးရွာက ကလေးတွေကတော့ ကံကောင်းကြပါတယ်။ ကျေးရွာချင်းဆက်လမ်းတွေပေါ်လာတဲ့အတွက် အများစုက စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ ကျောင်းတက်နိုင်ကြပါပြီ။ သူတို့ကိုယ်စား အရမ်းဝမ်းသာပါတယ်”ဟု ပီတိစကားများ ဆိုကြသည်။

အခြား ဝက်ကျကျေးရွာအပါအဝင် တောင်ပေါ်ကျေးရွာများမှ ဒေသခံပြည်သူအပေါင်းကလည်း တညီတညွတ်တည်း ကျေးဇူးတင်ဝမ်းမြောက်စကားဆိုကြသည်။

မေတ္တာဖြင့်ကူညီ

ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရာတွင် ဒိုဇာစက်ယာဉ်ယန္တရားကြီးများကို မေတ္တာဖြင့် အခမဲ့ပံ့ပိုးကူညီပေးသည့် ရွှေတောင်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးဇော်မင်းဦးကလည်း “ကျွန်တော်တို့ကုမ္ပဏီက စစ်ကိုင်း-မုံရွာ/ရွှေဘိုလမ်းပိုင်းကို BOT စနစ်ဖြင့် လက်ရှိဆောင်ရွက်နေပါတယ်။ ပုလဲမြို့နယ်အတွင်းက ကျေးရွာချင်းဆက်လမ်းတွေ အမြန်ဆုံးပြီးစီးရေးအတွက် ဒိုဇာစက်ယာဉ်ယန္တရားကြီးအကူအညီနဲ့ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်က စတင်ပြီး အခမဲ့လာရောက်ပံ့ပိုးဆောင်ရွက်ပေးခဲ့တာပါ။ ကုမ္ပဏီက ဝန်ထမ်းအချို့နဲ့ ဆောင်ရွက်ပေးခြင်း

- ❒ နိုင်ငံတော်အစိုးရသည် ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို နိုင်ငံအဝန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာတွင် မျက်မှောက်ကာလ ကျေးလက်ဒေသများ၏ မြင်ကွင်းအပုံပုံသည်လည်း ယခင်နှင့်ယခု လားလားမျှ မတူတော့ပေ။
- ❒ ယခင်က နွားလှည်းနှင့် စက်ဘီးများနေရာတွင် ယခု ဆိုင်ကယ်၊ ထော်လာဂျီနှင့် ယာဉ်မျိုးစုံတို့ဖြင့်။
- ❒ ယခင်က ကျွဲနှင့်နွားနှင့်ဖက်၍ ထွန်ယက်စိုက်ပျိုးခဲ့ရာမှ ယခု လယ်ယာသုံးလက်တွန်းထွန်စက်၊ လယ်ယာသုံး စက်ကိရိယာများကိုယ်စီဖြင့်။
- ❒ ယခင်က တစ်သီးသာစိုက်ပျိုးနိုင်ခဲ့သည့် ဒေသများတွင် ယခု ဆည်ရေအစွမ်းဖြင့် နှစ်သီး၊ သုံးသီး လက်ဖျားငွေသီးလျက်။
- ❒ ယခင်က လမ်းမပေါက်၍ ခြေကျင်ခရီးသာသာ သွားလာခဲ့ကြရသည့်ဒေသများတွင် ယခုဆိုမူ ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများပေါ်တွင် အပြန် - အပြန်လားဟော့၊ အသွား - အသွားပါကွယ့် ဆိုသို့နယ် ယာဉ်ကြီးယာဉ်ငယ် အသွယ်သွယ်ဖြင့် လူးလားခေါက်တုံ့ဖြင့် သွားလာနိုင်ကြချေပြီ။

ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အခါအားလျော်စွာ လာရောက်ပြီး ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ကျေးရွာချင်းဆက်လမ်းပေါင်း ကိုးလမ်း၊ လမ်းမိုင်ပေါင်း ၂၉ မိုင်ပြီးစီးသွားသည်အထိ မေတ္တာဖြင့် ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ရှင်းပြသည်။

တစ်ဆက်တည်းမှာပင် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးကလည်း “ကျေးရွာချင်းဆက်လမ်းများ စတင်ဖောက်လုပ်ရန် စီစဉ်ခဲ့မှု၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၏ ပံ့ပိုးကူညီစီစဉ်ပေးမှု၊ ရွှေတောင်ကုမ္ပဏီက ဒိုဇာစက်ယာဉ်ကြီးများ အပါအဝင် မေတ္တာဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးမှု၊ ကျေးရွာချင်းဆက်လမ်းများ လက်ရှိပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု”တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

မေတ္တာပို့သ

တောင်ပေါ်ကျေးရွာများဖြစ်သည့် ကြက်ရင်းကျေးရွာမှ အသက် ၆၄ နှစ်အရွယ်ရှိ ဦးကျော်သန်းက “ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာကျေးရွာချင်းဆက်လမ်း ပြီးစီးသွားလို့ အဘတို့တစ်ရွာလုံး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြရပါတယ်။ အရင်ကဆို အဘတို့ရွာတွေ ဒီလိုဘယ်ဟုတ်လိမ့်မတုန်း။ မိုးတွင်းဆို ဆန်တစ်အိတ်ကို လူငှားလေးယောက်ငှားပြီး သယ်ရတဲ့အထိပဲ။ အခုဒီလိုဆိုင်ကယ်တွေ၊ ကားတွေနဲ့သွားလို့ရတဲ့အဖြစ်ကို အိပ်မက်ထဲတောင် ထည့်မမက်ခဲ့မိဘူး။ ဒါကြောင့် အဘတို့ရွာတွေသာမက မြိုင်မြို့နယ်ဘက်က ကျေးရွာတွေပါ အရမ်းဝမ်းသာနေကြတယ်။ နိုင်ငံတော်အစိုးရနဲ့ ဝန်ကြီးဦးကျော်ဆန်းအပါအဝင် ဌာနဆိုင်ရာများ၊ ရွှေတောင်ကုမ္ပဏီမှတာဝန်ရှိသူအပေါင်းကို ကျေးဇူးတင်လွန်းလို့ နေ့တိုင်း မေတ္တာပို့သရပါတယ်”ဟု ရင်တွင်းခံစားချက်ကို ပြောပြသည်။

ကျေးဇူးအထူးတင်

ခေါင်းပွာကျေးရွာမှ အဘွား ဒေါ်ဂျမ်းတင်ကမူ “အဘွားတို့ ရွာမှာ အခုလမ်းပန်းဆက်သွယ်ရေးကောင်းလာလို့ သွားရေးလာရေးလွယ်ကူပြီး ရွာလည်းအတော်ကို ပြောင်းလဲလာပါပြီ။ ကျန်းမာရေးအတွက်ဆို ပုလဲမြို့အထိ အချိန်တိုအတွင်း အလွယ်တကူသွားလာနိုင်ကြပါပြီ။ ယခုလို လမ်းဖောက်ပေးတဲ့အတွက် အားလုံးကိုကျေးဇူးအထူးတင်ပါတယ်”ဟု ဆိုရှာသည်။

“သမီးတို့ အရင် ကျောင်းတက်စဉ်က သွားရေး လာရေး ခက်ခဲခဲ့ပါတယ်။ အခု ကျေးရွာချင်းဆက်လမ်းတွေ ပေါ်ပေါက်လာတဲ့အတွက် အများစုက စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ ကျောင်းတက်နိုင်ပြီ ဖြစ်လို့ သူတို့ကိုယ်စား အရမ်းဝမ်းသာရပါတယ်”

သမီးပျိုလေးများ၊

ခေါင်းပွာကျေးရွာ။

ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်း

ကြက်ရင်း - ခေါင်းပွာ - လက်ပံရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကားများ ဤသို့ သွားလာနေသည်ကို တွေ့ရသည်။

ပုလဲမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်း ကိုးလမ်း မကြာမီ အပြိုင်းအရိုင်းပေါ်ထွန်းလာမည်ဖြစ်၍ တစ်ရွာနှင့်တစ်ရွာ ဥဒဟို အပြန်အလှန်သွားလာနိုင်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်

စာမျက်နှာ ၉ မှ

မျက်မှောက်ကျေးလက်မြင်ကွင်း

နိုင်ငံတော်အစိုးရသည် ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်ကို နိုင်ငံအဝန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာတွင် မျက်မှောက်ကာလ ကျေးလက်ဒေသများ၏ မြင်ကွင်းအဖုံဖုံသည်လည်း ယခင်နှင့်ယခု လားလားမျှမတူတော့ပေ။

ယခင်က နွားလှည်းနှင့် စက်ဘီးများနေရာတွင် ယခုဆိုင်ကယ်၊ ထော်လာဂျီနှင့် ယာဉ်မျိုးစုံတို့ဖြင့်။ ယခင်က ကျွဲနှင့်နွားနှင့်ဖက်၍ ထွန်ယက် စိုက်ပျိုးခဲ့ရာမှ ယခုလယ်ယာသုံးလက်တွန်းထွန်းစက်၊ လယ်ယာသုံးစက်ကိရိယာများကိုယ်စီဖြင့်။ ယခင်က တစ်သီးသာစိုက်ပျိုးနိုင်ခဲ့သည့် ဒေသများတွင် ယခု ဆည်ရေအစွမ်းဖြင့် နှစ်သီး၊ သုံးသီး လက်ဖျား ငွေသီးလျက်။ ယခင်က လမ်းမပေါက်၍ ခြေကျင်ခရီးသာသာသွားလာခဲ့ကြရသည့်ဒေသများတွင် ယခုဆိုမူ ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင် ချင်းဆက်လမ်းများပေါ်တွင် အပြန်-အပြန်လားဟေ့၊ အသွား-အသွားပါ ကွယ့်ဆိုသို့နှယ် ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်ဖြင့် လူးလားခေါက်တုံ့ဖြင့် သွားလာနိုင်ကြချေပြီ။

ပုလဲမြို့နယ်အတွင်းဆိုပါမူလည်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၏ ပံ့ပိုးကူညီစီစဉ်ပေးမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းကြိုးကြပ်ဆောင်ရွက်မှု၊ ရွှေတောင်ကုမ္ပဏီ၏ မေတ္တာဖြင့် ပါဝင်ကူညီမှုတို့ဖြင့် ကျေးရွာချင်းဆက်လမ်း စုစုပေါင်း ကိုးလမ်းသည်လည်း မကြာမီကာလအတွင်း အပြိုင်းအရိုင်းပေါ်ထွန်းလာချေတော့မည်။ အဆိုပါလမ်းများပြီးစီးပါက ဒေသတွင်းရှိ

ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်းအား ရွှေတောင်ကုမ္ပဏီမှ ဒိုဇာစက်ယန္တရားကြီးများကို အသုံးပြု၍ ဖောက်လုပ်နေစဉ်။

အိမ်ထောင်စုပေါင်း ၇၇၃၃ စု၊ လူဦးရေပေါင်း ၅၄၇၆၅ ဦးတို့သည် ရွာနီးချုပ်စပ် တစ်ရွာနှင့်တစ်ရွာ ဥဒဟို အပြန်အလှန် ကူးလူးယှက်နွယ် သွားလာနိုင်ကြပေဦးမည်။ လူမှုစီးပွားဘဝအဝဝလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပေဦးမည်။

ပေါ်ပေါက်လာဦးမည်

၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ပုလဲမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်ပြီးစီးခဲ့သည့် ရွာနောင်-ချင်းပြစ်လမ်း၊ ပုလဲ-လိန်ကုန်းရွာလမ်း၊ ပုလဲ-ကံကြီး-မကျီးခွ-ညောင်ကုန်းလမ်း၊ ကုက္ကိုကုန်း-နွယ်ရှောက်ရွာလမ်း၊ ထိန္နဲ-ဇီးရင်းရွာလမ်း၊ ပုလဲ-ဂန့်ဂေါ-သရက်ရွာလမ်း၊ ကျေးသမ္ဘား-ခေါ်သန္တီ-သီတင်း-ကံကြီးလမ်းနှင့် ပုလဲ-ဂန့်ဂေါ-ကျွန်းဘိုကုန်းလမ်းအပါအဝင် စုစုပေါင်းရှိရင်းစွဲ ကျေးရွာချင်းဆက်လမ်း ရှစ်လမ်းနှင့် ထပ်မံပေါင်းသော် ပုလဲမြို့နယ်အတွင်း၌ ကျေးရွာချင်းဆက်လမ်းများကား ကွန်ရက်သဖွယ် ဖြစ်ထွန်းပေါ်ပေါက်လာဦးမည်ဖြစ်ပေသည်။

တွေးဆထင်မြင်

ပုလဲမြို့၏ ခေတ်သစ်သမိုင်းသည် ဘယ်သူပြိုင်၍လှပနိုင်အံ့။ နောင် သားစဉ်မြေးဆက်အထိ ခံစားစံစားနိုင်စေမည့် အဆိုပါကျေးရွာချင်းဆက်လမ်းပိုင်းများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် ပံ့ပိုးကူညီစီစဉ်ပေးခဲ့သူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်များ၏ ကောင်းမှုကံစေတနာတို့ကိုလည်း နှိုင်းဆ၍ရနိုင်ပါအံ့။ ဒေသဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထိုထိုအရပ်ဒေသတို့မှ နိုင်ငံတော်ကိုအကျိုးပြုမည့် တိုင်းကျိုးပြည်ပြု လူ့စွမ်းအားအရင်းအမြစ်ပေါင်း မည်မျှထပ်မံပေါ်ထွက်လာဦးမည်ကိုလည်းမှန်းဆ၍ ရနိုင်ပါအံ့ဟု ပုလဲမြို့က အပြန်ခရီးဝယ် တွေးဆထင်မြင်ယူဆမိပါသည်။ ။

ဖောက်လုပ်ဆဲ ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်းပိုင်း၏ ပြီးစီးမှုအပိုင်းကို တွေ့ရစဉ်။

ပုလဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသစ်ဖောက်လုပ်မည့် လမ်းများစာရင်း

စဉ်	လမ်းအမည်	အကွာအဝေး		အကျိုးသက်ရောက်သည့် ကျေးရွာများ	အိမ်ထောင်စု	လူဦးရေ
		မိုင်	ဖာလုံ			
၁	အေးချမ်းသာ-သစ်ကြီးတိုင်း	၄	၃	သံတောင်-ဇိတ္တောင့်-မယင်း-ဘန့်ဘွေး-ခင်သာ-အေးချမ်းသာ-သဲပြင်ကျယ်	၁၁၈၉	၈၂၁၇
၂	သစ်ကြီးတိုင်း-ဆယ်ပြင်-သက္ကာယ်ကျင်း	၂	၄	စစ်ရင်-တောင်ရင်း-ဆယ်ကြီး-ဘန့်ဘွေး-မယင်း-ခင်သာ	၁၀၃၅	၈၁၆၅
၃	သစ်ကြီးတိုင်း-ကျော်တော	၂	-	ဝက်ကျ-လယ်ပုလင်-ခရ-ဝမ်းဘဲဥ-ဂျပ်-အင်းတိုင်သာ-ကျော်တော-သစ်ကြီးတိုင်း	၁၁၃၄	၇၅၈၉
၄	ကြက်ရင်း-ခေါင်းပွာ-လက်ပံ	၆	-	ကြက်ရင်း-ခေါင်းပွာ-ပေါက်ပင်ချောက်-ငန်းချောင်း-ပေပင်-ရေကြော-လက်ပံနှင့် မြိုင်မြို့နယ်မှ ကျေးရွာများ	၉၅၇	၆၁၄၇
၅	နှောကန်-စပါးစေ့-ကိုင်းတွင်း	၃	-	စပါးစေ့-ကိုင်းတွင်း-နှောကန်	၂၄၆	၂၇၀၈
၆	အင်ကြင်းစု-လက်ပုကန်	၅	-	အင်ကြင်းစု-လက်ပုကန်	၆၄၂	၃၁၅၉
၇	မွေ့တုံ-ညောင်ကုန်း	၂	၄	ညောင်ကုန်း-မွေ့တုံ-နွားကူး-မင်းရွာနှင့် မြိုင်မြို့နယ်မှ ကျေးရွာများ	၈၅၃	၅၈၅၀
၈	ပုလဲ-ပခုက္ကူလမ်း-အေးကုန်း	၁	-	ပုလဲ-အေးကုန်း	၁၀၁၁	၇၁၅၇
၉	မြောက်ပိတောက်ကုန်း-ပေါက်သဖ-စည်ပင်	၂	-	မြောက်ပိတောက်ကုန်း-စည်ပင်-ပဲခင်းမ-ကြိုပင်-သပြေရေ-ကံသာ-အောင်သာနှင့် ယင်းမာပင်မြို့နယ်နှင့်ကျေးရွာများ	၆၆၆	၅၇၇၃
	စုစုပေါင်း	၂၈	၃		၇၇၃၃	၅၄၇၆၅

သာဂရစက်မှုနယ်မြေရှိ စက်ရုံနှင့် တည်ဆောက်ရေးလုပ်ငန်းများ

အမှတ်(၂) စက်မှုဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) အထွေထွေအကြီးစားစက်ရုံ၌ 6V 128ZC, 8V 128ZC နှင့် 12V 128ZC အင်ဂျင်များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ အမှတ်(၁၅) အထွေထွေအကြီးစားစက်ရုံ၌ Mini Excavator ထုတ်လုပ်နေမှုကိုလည်းကောင်း၊ အမှတ်(၂၆) အထွေထွေအကြီးစားစက်ရုံ၌ 2000 kW Francis Turbine and Generator, Boiler နှင့် 300 kVA Generator ထုတ်လုပ်နေမှုကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာဂရစက်မှုနယ်မြေ၌ 2200-2700 HP Diesel Engine နှင့် 6200-7000 HP Diesel Engine များ ထုတ်လုပ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အကြီးစား ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးစားအကောင်အထည်ဖော်ကြရန်နှင့် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အက်ဖ်အေဖလားပြိုင်ပွဲ မန်စီးတီးဂိုးပြတ်သွင်းယူ

မြင့်မောင်စိုး-ရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၂၀

မန်စီးတီးအသင်းက အိမ်ကွင်း၌ နော့ကောင်တီအသင်းကို ပြတ်ပြတ်သားသားအနိုင်ယူပြီးနောက် အက်ဖ်အေဖလားပဉ္စမအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားနိုင်ခဲ့ပြီဖြစ်သည်။

မန်စီးတီးနှင့် နော့ကောင်တီတို့သည် အက်ဖ်အေဖလားစတုတ္ထအဆင့် ပြန်ကန်ပွဲအဖြစ် ကစားခဲ့ကြခြင်း ဖြစ်သည်။ နော့ကောင်တီအသင်းသည် ပထမပိုင်းအစတွင် ပရီမီယာလိဂ်အသင်းကြီးဖြစ်သည့် မန်စီးတီးကို ဂိုးမပေးရရေး ကြံကြံခံကစားနိုင်ခဲ့သော်လည်း ခြေစွမ်းအသာရသည့် မန်စီးတီးက ငါးဂိုးပြတ် သွင်းယူခဲ့သည်။ မန်စီးတီးအတွက် ဂိုးများကို ဗီအဲရာက ပွဲချိန် ၃၇ မိနစ်နှင့် ၅၈ မိနစ်တို့တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ထို့နောက် လူစားဝင်လာသူ တိုက်စစ်မှူး တီဗက်ဇ်က တတိယမြောက်ဂိုး၊ အီဒင်ဒီဇီကိုက ခေါင်းတိုက်ဂိုးဖြင့် စတုတ္ထဂိုးနှင့် မီကယ်ရစ်ချက်က ပဉ္စမမြောက် ပွဲသိမ်းဂိုး သွင်းယူခဲ့သည်။

ဖူလ်ဟမ်-ဘော်လ်တန်

ဖူလ်ဟမ်နှင့် ဘော်လ်တန်အသင်းတို့သည် အက်ဖ်အေဖလားပဉ္စမအဆင့်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဘော်လ်တန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကလာစနစ်က ပွဲစပြီး ၁၉ မိနစ်အကြာတွင် သွင်းယူပေးနိုင်ခဲ့သည်။

အက်ဖ်အေဖလား ဆဋ္ဌမအဆင့် (ကွာတားဖိုင်နယ်ပွဲစဉ်)များကို မတ် ၁၂ ရက်နှင့် ၁၃ရက် တို့တွင် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အာဆင်နယ်နှင့် လေတန်အိုရီးရင့်တို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သဖြင့် အာဆင်နယ်ကွင်း၌ ပြန်လည်ကစားရမည် ဖြစ်သည်။ (အင်တာနက်)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၇ ရက်က လှိုင်မြို့နယ် အမှတ် (၁၃) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ပထမတန်းမှ ဆက်တိုက် ပထမ ဆုရရှိသော မငြိမ်းသဇင်ဝိုင်းအား ဆရာမကြီး ဒေါ်မာလာဦး ဆုချီးမြှင့်စဉ်။ (ပညာရေး)

မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

နော်ဝေကမ်းလွန်၌ ရေနံယိုဖိတ်မှုဖြစ်ပွား

အော်စလို ဖေဖော်ဝါရီ ၂၀

နော်ဝေနိုင်ငံ ကမ်းလွန်တွင် ဖေဖော်ဝါရီ ၂၀ ရက်က အိုင်ယာလန်နိုင်ငံ ကုန်တင်သင်္ဘောမှ ရေနံများယိုဖိတ်မှုဖြစ်ပွားခဲ့ကြောင်း နော်ဝေကမ်းခြေစောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ရေနံယိုဖိတ်မှုဖြစ်ပွား

၄င်းကုန်တင်သင်္ဘောသည် ရေနံနှင့် အခြားကုန်ပစ္စည်းများ တင်ဆောင်ပြီး နော်ဝေနိုင်ငံ ဖရက်ဒရစ်စတက်မြို့ အရှေ့တောင်ဘက်ဆိပ်ကမ်းမှ ထွက်ခွာကာ ဆွီဒင်နိုင်ငံတောင်ပိုင်း ဟယ်ဆင်ဘော့မြို့သို့ မောင်းနှင်လာစဉ် ယခုကဲ့သို့ ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ယခုအခါ ဆွီဒင်နှင့်နော်ဝေနိုင်ငံ၏ ရေပြင်၌ပျံ့နှံ့နေသော ရေနံများကို ရေယာဉ်များဖြင့် ဖယ်ရှားရှင်းလင်းမှုများ ပြုလုပ်လျက်ရှိသည်။ ထို့အတူ ရဟတ်ယာဉ်များဖြင့်လည်း လိုအပ်သည့်ပံ့ပိုးမှုများ ပြုလုပ်ပေးနေသည်။ (အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ရထားနှင့် ကားများတိုက် ၁၃ ဦးသေဆုံး၊ ၄၅ဦး ဒဏ်ရာရ

ဒါကာ ဖေဖော်ဝါရီ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၉ရက်က ရထားနှင့် ဘတ်စ်ကားတိုက်မှု နှစ်နေရာ၌ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ဒဏ်ရာရရှိ

ပထမတိုက်မှုမှာ မြို့တော်ဒါကာအရှေ့ဘက် ၅၅ မိုင်အကွာ ကိုမီလာခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရှစ်ဦး သေဆုံးကာ ၂၅ ဦးထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ဒုတိယတိုက်မှုမှာ မြို့တော်ဒါကာအနောက်ဘက် ၈၅ မိုင်အကွာ ဂျက်ဆိုးခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ငါးဦးသေဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့သည်။ (အောက်ပုံ)

ထိုသို့ ဖြစ်ပွားရခြင်းမှာ ရထားနှင့်ကား လမ်းဆုံအစောင့် မရှိခြင်းနှင့် အစောင့်များ၏ ပေါ့လျော့မှုကြောင့်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (၁၈၃)

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ချယ်ရီလမ်း တံတားအမှတ်(၃) ကျောက်စီသစ်သားတံတား တည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျိုက္ကန်းအနောက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျော်ဇံရှီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဖေဖော်ဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုနှင့် တာဝန်ခံအင်ဂျင်နီယာမှူးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်တွင် အရိပ်ရပင်၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်(ရန်ကင်း) သက်တော်(၉၀)ပြည့်မွေးနေ့အလှူနှင့် ကျောင်းရေစက်ချအလှူ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီး၏ ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ (သ·စ·အ-ဓမ္မာစရိယ) ဆရာတော်ကြီး၏ သက်တော်(၉၀)ပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် သက်တော်(၉၀)ပြည့်အထိမ်းအမှတ်အဖြစ် အများစုပေါင်း ဆောက်လုပ်လှူဒါန်းသော **အဂ္ဂါဘိဓဇ ဟံသာသိရီ** သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ကျောင်းဒါယကာ၊ ဒါယိကာမများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ယခင်က ဆောက်လုပ်ရန်စီစဉ်ထားသော ဘောဇနသာလာ နှစ်ထပ်ဆွမ်းစားကျောင်းကို တိုးမြှင့်လှူဒါန်းမှုအခြေအနေအရ သုံးထပ်အဖြစ်တိုးမြှင့်၍ **အဂ္ဂါဘိဓဇဟံသာသိရီ**ဟု နာမည် ပြောင်းထားခြင်း ဖြစ်ပါသည်။

ကျင်းပမည့်အစီအစဉ်-

၁။ ၂၃-၂-၂၀၁၁ ရက်မှ ၂၅-၂-၂၀၁၁ ရက်အထိ ညစဉ် ၇ နာရီ ဓမ္မပူဇာတရားပွဲများ ကျင်းပပါမည်။

၂။ ၂၆-၂-၂၀၁၁ ရက် (စနေနေ့) နံနက် ၉ နာရီတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရမှ ရေစက်ချတရားတော် ဟောကြားပါမည်။

၃။ ၂၆-၂-၂၀၁၁ ရက် (စနေနေ့) နံနက် ၈ နာရီမှစတင်၍ ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးပါမည်။

အမှုဆောင်အဖွဲ့
ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ မြို့ဝင်လမ်း၊ (၇)ရပ်ကွက်၊ အမှတ်-၂၀၀နေ ဦးကြည်မြင့်-ဒေါ်ဝင်းဝင်း(ရွှေလင်းယုန် လယ်ယာထွက်သီးနှံစုံရောင်းဝယ်ရေး) တို့၏သား မောင်ရဲလင်းထိုက် ၇/ဒဥန(နိုင်)၀၁၅၉၉၆သည် မိဘမောင်နှမများအပေါ် အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ရဲလင်းထိုက်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

ဦးကြည်မြင့်-ဒေါ်ဝင်းဝင်း
ရွှေလင်းယုန်လယ်ယာထွက်သီးနှံစုံရောင်းဝယ်ရေး မိဘများ။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန။

သင့်သွေးဖြင့် အသက်ကယ်ပါ

ဇန်နဝါရီ ၂၇ ရက်က ကျင်းပသော သုံးဆယ်မြို့ မြို့မ အခြေခံပညာအလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲ၌ အလယ်တန်းအဆင့် မြန်မာ့ပညာရေးပရောဂျက်ပြိုင်ပွဲတွင် ကျောင်း၊ မြို့နယ်၊ တိုင်းဒေသကြီး အဆင့် ပထမဆုရရှိသော မောင်ကြည်သီဟဦးနှင့် အဖွဲ့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ထွန်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

လမ်းဖွင့်ပွဲနှင့် မီးသတ်ရေကန် လှူဒါန်းပွဲကျင်းပ

လယ်ဝေး ဖေဖော်ဝါရီ ၂၀

အရှည်ပေ ၁၆၀၀ ရှိ ကျောက်ခင်းလမ်းသစ်ဖွင့်ပွဲနှင့် ရေဂါလန် ၁၂၀၀၀ဆံ့ မီးသတ်ရေကန် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက လယ်ဝေးမြို့ အမှတ်(၁) ရပ်ကွက်ရှိ စံဖွဲ့ဖြိုးထရေးဒင်းကုမ္ပဏီ သစ်အချောထည်စက်ရုံ ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ လယ်ဝေး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ စံဖွဲ့ဖြိုးထရေးဒင်းမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ နွမ်းပါးမိခင်များ ကူညီစောင့်ရှောက်ရေးအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့သို့ အလှူငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းပြီးနောက် လမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၇:၄၀	၃။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇:၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၅။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၄၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပဒေသာ
၄:၂၅	၃။	တေးဂီတအစီအစဉ်
၄:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၄:၅၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅	၆။	တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၁၅	၇။	မြန်မာစာ၊ မြန်မာစကား
၅:၃၀	၈။	**မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀	၉။	ညနေခင်းသတင်း
၆:၁၅	၁၀။	မိုးလေဝသအခြေအနေ
၆:၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၀)
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**ကမ္ဘာကျော်သရုပ်ဆောင်များ** (အပိုင်း-၁၂)
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၄)
	၁၈။	အစီအစဉ်ပြီး၏။

ထူးခြားသည့် ညအပူချိန်များ

၂၀-၂-၂၀၁၁

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၅ ဒီဂရီစင်တီဂရိတ်

ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်တို့ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရအလှပန်းပင်များ ပျိုးထောင်မှုကို ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း နမ့်ခမ်း၌ ဟောပြော

နမ့်ခမ်း ဖေဖော်ဝါရီ ၂၀

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီတွင် ကျားဖြူခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီညီ၊ ဦးတင်စိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဖေဝင်းတို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

တက်ရောက်ခဲ့

ယင်းနောက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာကျင့်သုံးရေး၊ လမ်းများပေါ်တွင် စနစ်တကျသွားလာရေး၊ လမ်းအန္တရာယ်များ လျော့နည်း ပပျောက်စေရေးနှင့် အန္တရာယ်သတိပေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး တင်ဖေဝင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ရဲတပ်ကြပ်ကြီးညွှန့်ဝင်းတို့က လက်တွေ့သရုပ်ပြခြင်းတို့ဖြင့် ဟောပြောဆွေးနွေးခဲ့ကြပြီး ဟောပြောပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကောင်းညွှန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်လိုင်းပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အမကကျောင်းဆောင်နှင့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

စလင်း ဖေဖော်ဝါရီ ၂၀

စလင်းမြို့နယ် တောနလင်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ်နှင့် အလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ကို မြို့နယ် ပညာရေးမှူးဦးသန်းထွန်း၊ နယ်မြေခံရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် ထွန်းမြင့်အောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဌေးနိုင်တို့ကလည်းကောင်း၊ အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ဦး၊ နယ်မြေခံ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ထွန်းမြင့်အောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဌေးနိုင်တို့က လည်းကောင်း အသီးသီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ကျောင်းဆောင်ဆောက်လုပ်ရေး မှတ်တမ်းများနှင့် အထိမ်းအမှတ်အလံများပေးအပ်၍ အလှူရှင်များက စာကြည့်တိုက်အတွက် အလှူငွေ၊ စာအုပ်စာစောင်များနှင့် ပရိဘောဂများ လှူဒါန်းကြသည်။ ငါးခန်းတွဲကျောင်းဆောင်သစ်ကို ကျပ် ၁၂၂ သိန်းကျော်နှင့် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ကျပ်သိန်း ၂၀ ကျော်အကုန်အကျခံ၍ ကိုယ့်အား ကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**(မြို့နယ်ပြန်/ဆက်)**

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၂၁ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၀၅၂၇ Jixpeno ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မျိုး ၉/မရတ (နိုင်) ၀၁၈၂၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/B၊ မြေကွက်အမှတ် ၁၄၃၊ စတုရန်းပေ ၂၄၀၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကအကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၁)၊ ဖိုးဝဇီယာလမ်း၊ (၃၉/B)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်နေအိမ်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ရင်မြ ၁၂/ရကန(နိုင်)၀၂၁၄၂၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ သတင်းစာကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B **အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)**
ဦးမောင်မောင်ထွန်း B.A(Law),LL.B.(Advocate)
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၆၅၃)
အမှတ် ၅၀၊ လေးလွှာ၊ ခေါင်းရင်းခန်း၊ မလွကုန်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။



ပြည်ထောင်စုနေ့ အခမ်းအနား ပြည်မြို့၌ကျင်းပ

ပြည် ဖေဖော်ဝါရီ ၁၉

(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်မြို့ အထက (၁) မြက်ခင်းပြင်၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များမှ တာဝန်ရှိသူများ၊ မြို့မ ရပ်ကွက်များမှ ပြည်သူများ တက်ရောက်ကြသည်။

ဖတ်ကြား

အခမ်းအနားတွင် (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၉၀/က)၊ပေ(၂၀×၆၀)အကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက်၊ အရပ်ခေါ် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁၉၀/က)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်ရွှေ၏ သားသမီးအရင်းများဖြစ်ကြသော ဦးသံချောင်း ၁၂/ဥကတ(နိုင်)၀၇၄၄၇၄ ပါ- ကိုးဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဖေ	**ဦးအောင်ကျော်ထွန်း**	**ဒေါ်နီလာ**
B.A,LL.B,B.C.S,H.I.S	**LL.B ,LL.M**	**LL.B, D.B.L,D.I.L**
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၂၃၄)	**(စဉ်-၃၃၅၀၅)**	**D.I.R, C.B.D.S(MOFA) (စဉ်-၃၃၁၆၇)**

အထက်တန်းရှေ့နေများ
စိုးစံ(လင်း)အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ်(၇၀)၊ ပထမထပ်၊အင်းစိန်လမ်း၊စံရိပ်ငြိမ်မှတ်တိုင်၊ကမာရွတ်မြို့နယ်၊ ဆက်သွယ်ရန် ဖုန်း-၅၁၀၆၀၀၊ ၅၁၀၉၄၀၊ ၅၁၀၉၅၀၊ ၀၉-၅၁၀၇၄၅၅။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄

ဦးညီညီလွင် **နှင့်** ဒေါ်အုန်းရွှေ
(၎င်း၏အထွေထွေကိုယ်စားလှယ်
စာရ သူဦးကျော်ခင်(ခ)တော်ထိန်တင်)
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ နန-ဂ/ဦးပိုင်အမှတ် ၁၂၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဒေါ်အုန်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညီညီလွင်က မှတ်ပုံတင်မြေအရောင်းစာချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၁ ခုနှစ် မတ် ၈ ရက် (၁၃၇၂ခုနှစ် တပေါင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဟန်သိန်း(တ/၂၃၀၂)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀ လမ်း၊ အမှတ် ၁၈၁(ခ)၊ မြေတိုင်းရပ်ကွက်(၃)၊ မြေကွက်အမှတ် ၂၉၇(ခ)၊ မြေဧရိယာ ၀ ဒသမ ၀၂၇၅ ဧက၊ စတုရန်းပေ ၁၂၀၀၊ မြေကွက်အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်ရသူ ဦးမောင်အေး (ကွယ်လွန်)နှင့် ဇနီး ဒေါ်မြရွှေ(ကွယ်လွန်)တို့၏ တစ်ဦးတည်းသောသမီး ဒေါ်ခင်ဌေးဝင်း ၁၂/ဥကတ(နိုင်)၀၄၇၀၅၂ ထံမှ ၎င်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ အချို့အဝက်ကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်လှိုင်
ဝိဇ္ဇာဘွဲ့(ဥပဒေ)၊ ဥပဒေဘွဲ့၊ တရားရုံးချုပ်ရှေ့နေ(စဉ်-၁၅၆၅)
အမှတ်(၈၃/၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၆၄၁၈၇၊ ၀၉-၈၅၃၀၁၃၂။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာဒုပ်စာပေ လေ့လာစို့

ကော့မှူးမြို့နယ် မြို့မဈေးအတွင်း ရေစီးရေလာကောင်းရေးအတွက် ဈေးရေမြောင်းအတွင်းရှိ အမှိုက်နှင့် နုန်းများဖယ်ရှား ရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သက်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်အောင်သန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေး ကသာ၌ ကွင်းဆင်းဆောင်ရွက်

ကသာ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ သန်းထိုက်သည် ကသာခရိုင် ဦးစီးမှူး ဦးကျော်အောင်၊ မြို့နယ် ဦးစီးအရာရှိ ဦးပြုံးနှင့် ဒုတိယဦးစီးမှူးများ လိုက်ပါလျက် ကသာမြို့ပေါ်ရှိ စီးပွားဖြစ် ကြက်မွေးမြူရေးခြံများသို့ ဇန်နဝါရီ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။ **(ယာပုံ)** တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့က ကြက်ငှက်တုပ်ကွေး ကာကွယ်တားဆီးရေးအတွက် မွေးမြူရေးခြံ လုပ်ငန်းရှင်များအား ဇီဝလုံခြုံရေး၊ ကြက်ခြံ သန့်ရှင်းရေးများ စနစ်တကျဆောင်ရွက်စေရေးကို ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရှိရသည်။ ကသာမြို့ပေါ်တွင် မွေးမြူရေးခြံ ၅၀ ရှိပြီး ဥစားကြက်နှင့် အသားစားကြက်ငါးသောင်းခန့် မွေးမြူထားရှိကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

သာယာဝတီမြို့နယ် အမှတ် (၁) ခရိုင်အားကစားကွင်း၌ ဖေဖော်ဝါရီ၁၂ရက်ကပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရာ ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုး ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်း လေ့လာလာ

ဖတ်ကြား

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မော်လမြိုင်ကျွန်းမြို့လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ ပြည်ထောင်စုနေ့ သဝဏ်လွှာကို မော်လမြိုင်ကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးဌေးမောင် ဖတ်ကြားစဉ်။ (၁၄၂)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မြစ်ကြီးနားမြို့၌ သင်တန်းဖွင့်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ပြည်နယ်အဆင့်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခရိုင်မြေစာရင်းဦးစီးဌာန၌ ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်မြေစာရင်းဦးစီးမှူး၊ ဒုတိယဦးစီးမှူးနှင့် လက်ထောက် ဦးစီးမှူး၊ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ မျက်စိဝေဒနာရှင်များအား

မျက်စိခွဲစိတ်ကုသပေးမှု လှည့်လည်ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ မျက်စိခွဲစိတ်ခန်းအတွင်း မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)



နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

မောင်မောင်ထွေး(သတင်းစဉ်) ၏ 'ပုလဲမြို့နယ်အတွင်း ကျေးရွာချင်း ဆက်လမ်းများ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိ၊ ယာဉ်ကြီး၊ ယာဉ်ငယ် အသွယ်သွယ်ဖြင့် အလွယ်တကူသွားလာနိုင်ပြီ' သတင်းဆောင်းပါးကို စာမျက်နှာ (၈၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

21-2 (20).pmd 1 2/21/2011, 3:17 AM